# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။
# [၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃။]
# ၁၃၂၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်။
# (၁၉၆၄ ခုနှစ်၊ စက်တဘာလ ၁၂ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို ၊ **၁၉၆၄ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင်ဖော်ပြပါ တာဝန်ခံအသီးသီးသည်၊ မိမိနှင့် ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာငွေများမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေစုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထားသော ဇယားတွင် ဖော်ပြထားသည့်အတိုင်း ထုတ်၍၊ ၁၉၆၄ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေး နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာငွေအမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲဇယား |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ၏ဘဏ္ဍာငွေ များ။ | ၂၉၀ | နောက်ဆက်တွဲ ဇယား (က)။ |
| ၂ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြား အဖွဲ့အစည်းများ၏ဘဏ္ဍာ ငွေများ။ | ၃၀ | နောက်ဆက်တွဲ ဇယား(ခ)။ |

Myanmar Law Information System (MLIS)

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၁၀) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃။ ။ (၁) ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေသုံးရာကုဋေအထိရှိသော ငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေး ဌာနတာဝန်ခံသည်၊ အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ ထံမှမဆို ငွေချေးယူနိုင်သည့်ပြင်၊ ထိုကဲ့သို့ ငွေချေးယူသောကိစ္စအတွက် မိမိသင့်သည် ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက် များထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍လည်း ထုတ်ပေးနိုင်သည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရဌာနအားလုံး၊ တော်လှန်ရေးအစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ရငွေအားလုံးကို ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းတွင် ထည့်သွင်းရမည်။ တော်လှန်ရေးကောင်စီက အတည်ပြုထားသည့် ဇယားအသီးသီးတွင်ဖော်ပြထားသည့် အသုံးစရိတ်အားလုံးကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်းမှ ထုတ်ယူ သုံးစွဲနိုင်သည်။

(၃) ဤဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စု၏ တစုတပေါင်းတည်းသော ငွေစာရင်း တွင် ထည့်သွင်းရမည်။

(၄) ဤဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့် အတိုးကို၎င်း၊ ထို အာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့် စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စု ၏ တစုတပေါင်းတည်းသော ငွေစာရင်းမှထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသောငွေချေးယူခြင်းသည်၊ ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၂ )အရ၊ ခွင့်ပြုထားသည့် ငွေချေးယူခြင်းအပြင် နောက်ထပ်ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်။

(၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်။)

Myanmar Law Information System (MLIS)

အမိန့်အရ၊
ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က)။ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲဇယား (ခ)။အစိုးရ လက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေများမှ သုံးစွဲရန်စာရင်း။

Myanmar Law Information System (MLIS)